# မာတိကာ


| | |
|---|---|
| နိဒါန်း | ၅ |
| 1.Ichimoku Indicator | ၉ |
| 2.Ichimoku Strategies | ၆၁ |
| 3.Kumo Break Strategy | ၈၅ |
| 4.Tenkan/Kijun Cross Strategy | ၁၀၉ |
| နိဂုံး | ၁၂၆ |


## နိဒါန်း

ဂျပန်တို့သည် Candlestick Chart ကိုဆယ့်ခုနစ်ရာစုကပင်သုံးနေခဲ့ကြပြီ။ Steve Nisson ၏ကောင်းမှုဖြင့် ၂၀ ရာစုရောက်မှ၊ Candlestick သည်ပြင်ပကမ္ဘာသို့ထွက်လာ၏။ ယနေ့မည်သည့် Trader မှ Candlestick မသုံးဘဲ Trade မလုပ်တော့ဟုဆိုနိုင်သည်။ Candlestick ကိုသုံးခြင်းဖြင့်၊ သူများ ထက် အားသာမှုကိုရသည်။ Candlestick Chart ကိုတစ်ချက်ကြည့်ရုံမျှဖြင့်စျေးကွက်မှာဘယ်သူက လွှမ်းမိုးနေသည် ကိုအကြမ်းဖြင့်ပြောနိုင်သည်။

Candlestick နှင့်ပတ်သက်ပြီးမြန်မာလိုရေးသားထားသောစာအုပ်တွေရှိသည်၊ ကျွန်တော်လည်းတစ်အုပ်ရေးထားတာရှိသည်။ သို့သော် စျေးကွက်ကိုဂျပန်တို့မည်သို့ Trade လုပ်ကြသလည်းဆိုသည်ကိုလေ့လာလျှင် Candlestick တစ်ခုတည်းနှင့်မလုံလောက်သေးပါ။ နောက်ထပ်ဂျပန်တွေရဲ့ လျှို့ဝှက်ချက်တစ်ခုရှိသေးသည်။ Ichimoku ဖြစ်သည်။

ဂျပန်တို့သည် အလုပ်တစ်ခုကိုလုပ်လျှင်သေသေသပ်သပ်နှင့် သေသေချာချာလုပ်တတ်သူများဖြစ်သည်။ ထို့ကြောင့်လည်း ဤမျှသေးငယ်သောအာရှနိုင်ငံငယ်လေးသည် ဒုတိယကမ္ဘာစစ်တွင် အနောက်နိုင်ငံကြီးများကိုအာရှတိုက်တွင် တစ်ယောက်တည်းခံတိုက်ခဲ့သောနိုင်ငံဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်က စက်ာပူကိုအုပ်ချုပ်နေသော အင်္ဂလိပ်တို့သည် ဂျပန်တို့ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ ရေလမ်းခရီးမှလာတိုက် လိမ့်မည်



မျှော်လင့်ပြီး အရှေ့ဖက်တွင် စစ်ရေးကြိုတင်ပြင်ဆင်မှုများ လုပ်ထားခဲ့ကြသည်။ တကယ်တန်းဂျပန်တွေဝင်လာသောအခါ အနောက်ဖက်မလေးရှားကိုဖြတ်၍ဝင်ချလာသည်။ စက်ာပူဂျပန်လက်အောက်ကိုကျသွားသည်။ ဂျပန်များသည်၊ မှန်သည်ဟုမဆိုလိုပါ။ ဂျပန်တို့တွင် အိုက်ဒီယာကောင်းများရှိသည်ဟုသာဆိုလိုပါသည်။

အနုမြူဗုံးများချ၍ ကမ္ဘာစစ်အဆုံးသတ်သွားသည်၊ ဂျပန်တွေအတုံးအရုံးသေကြသည်၊ စိတ်နာတတ်သူဆိုလျှင်နာစရာဖြစ်သည်၊ သို့သော် အမေရိကန်သည် ဂျပန်၏မိတ်ဆွေရင်းဖြစ်သွားသည်၊ များမကြာမီဂျပန်သည်ကမ္ဘာ့ ထိပ် သီးစက်မှုနိုင်ငံကြီးဖြစ်လာသည်။

ဤသို့ကြီးကျယ်သောလူမျိုးတစ်မျိုးတီထွင် သုံးစွဲနေသော Trading စနစ်တစ်ခုသည် ကောင်းခြင်းများနှင့်ပြည့်စုံနေမည်မှာပြောစရာမလိုပါ။ ဤစနစ်အကြောင်းမြန်မာဘာသာဖြင့်ရေးသားထားသော စာအုပ်တစ်အုပ်ရှိသင့်သည်ဟုယူဆ၍ ဤစာအုပ်ကိုရေးပါသည်။

Ichimoku သည် Indicator တစ်ခုအနေနှင့် Trading Platform အားလုံးလိုလိုတွင်ပါတတ်သည်၊ သို့သော် Ichimoku သည် Indicator တစ်ခုမျှသာမဟုတ်ဘဲ၊ ပြီးပြည့်စုံသော Trading System တစ်ခုဖြစ်ပါသည်။

Ichimoku တွင် Moving Average နှင့်ပုံသဏ္ဍာန်တူသော မျဉ်းတွေပါသည်၊ သို့သော်ယင်းတို့သည် Moving Average များမဟုတ်ကြ၊ စျေးကွက်တွင် ပါဝင်ဆင်နွှဲနေသော Bull နှင့် Bear တို့၏ အင်အားညီမျှသော Equilibrium အမှတ်များဖြစ်ကြသည်၊ ယင်းမျဉ်းများသည် တစ်ခါတလေ မျဉ်းတကြောင်းကဲ့သို့ဘေးတိုက်သွားကြသည်။ Support နှင့် Resistance လိုင်းဆွဲထားသကဲ့သို့ဖြစ်သည်။ Ichimoku ကိုကြည့်ခြင်းဖြင့် လက်ရှိပေါက်စျေးသည် လွန်ခဲ့သော ၂၆ ရက်ကစျေးထက်နိမ့်သလားမြင့်သလား ချက်ချင်းပြောနိုင်သည်။



Stop loss ကိုဘယ်မှာထားမလဲ၊ Profit ကိုဘယ်မှာယူရမလဲ သတ်မှတ်ထားသောနေရာများပါသည်၊ ခံစားချက်များမပါဘဲဆုံးဖြတ်ချက်ချနိုင်သည်။

Ichimoku တွင် Cloud ဟုခေါ်သော မိုးတိမ်ပါသည်၊ အလွန်ထူးခြားသောအချက်ဖြစ်သည်၊ ထို Cloud ကိုကြည့်ခြင်းဖြင့်စျေးကွက်သည် Bullish လား၊ Bearish လားအလွယ်တကူပြောနိုင်သည်၊ အတားအဆီးတွေများသလား၊ လမ်းကြောင်းရှင်းသလားအလွယ်တကူပြောနိုင်သည်။

ထိုအခြင်းအရာများကြောင့် Ichimoku ကို Once glance equilibrium chart ဟုခေါ်ကြသည်၊ တစ်ချက်ကြည့်ရုံဖြင့်စျေးကွက်အနေအထားကိုပြောနိုင်သော Chart ဟုဆိုလိုသည်။

Ichimoku ကိုသူ့ချည်းသက်သက် သုံး၍လည်း Trade လုပ်လို့ရသည်၊ တခြား Tools များနှင့်ပေါင်းစပ်၍လည်း အသုံးချနိုင်သည်၊ အတွေ့အကြုံနည်းသူတွေအတွက် အချိန်တိုတိုအတွင်းလေ့လာပြီးအသုံးချနိုင်သည်၊ အတွေ့အကြုံများသူတွေအတွက်လည်း ထပ်လောင်းအားသာချက်တစ်ခုကိုပေးစွမ်းနိုင်သည်။

Ichimoku သည် Trend following tools ဖြစ်သည်၊ ထို့ကြောင့် စျေးကွက် Trending ဖြစ်သည့်အခါများတွင်သာအမြတ်အစွန်းရမည် ဖြစ်သည်၊ Trend following စနစ်တစ်ခုသည်စျေးကွက် Choppy ဖြစ်နေသည့်အချိန်များတွင် ရှုံးပွဲဆက်တတ်သည်၊ Moving Average ကိုသုံးထားသော Trend Following စနစ်များတွင် ဤပြဿနာအကြီးအကျယ်ရှိသည်၊ သို့သော် Ichimoku စနစ်တွင် စျေးကွက် Trending မဖြစ်သောအခြေအနေများတွင် ခပ်ကင်းကင်းနေဖို့အချက်ပြသည့် Filter များပါသည်၊ တော်တော်များများအရှုံးနှင့်အဆုံးသတ်မည့် Trade များကိုရှောင်ရှားနိုင်သည်၊ ဤအချက်သည်လည်းအားသာချက်တစ်ခုဖြစ်ပါသည်။

Ichimoku စနစ်တွင် အစိတ်အပိုင်းငါးခုလောက်ပါသည်၊ တစ်ခုနှင့်တစ်ခုကို အရောင်များဖြင့်ခွဲခြားထားသည်၊ Trading Platform တွင်



ဤအချက်သည် ပြဿနာမဟုတ်ပါ၊ သို့သော်စာအုပ်တစ်အုပ်အဖြစ်ဖန်တီးသောအခါ စဉ်းစားစရာအကြီးအကျယ်ရှိပါသည်၊ Trading အကြောင်းကိုရေးခြင်းသည် ဝတ္ထုရေးတာနှင့်ကွာပါသည်၊ ဆိုလိုသောအကြောင်းအရာများကိုစာဖတ်သူအလွယ်တကူသဘောပေါက်စေရန်ပုံများဖြင့် ရှင်းပြရသည်၊ A picture is worth a thousand words ဆိုသည့်အင်္ဂလိပ်စကားပုံရှိသည်၊ Ichimoku ၏အစိတ်အပိုင်းငါးခုကိုစာဖတ်သူများရှင်းရှင်းလင်းလင်း နားလွယ်စေလိုလျှင် ရောင်စုံပုံများကိုသုံးဖို့လိုသည်၊ ရောင်စုံပုံများသုံးလျှင် ကုန်ကျစရိတ် နှစ်ဆဖြစ်သွားလိမ့်မည်၊ စာအုပ်တန်ဖိုးမြင့်သွားလိမ့်မည်။

အပြန်အလှန်သုံးသပ်ပြီးသောအခါ ရောင်စုံပုံများအသုံးပြုမည်ဟုဆုံးဖြတ်လိုက်ပါသည်၊ စာအုပ်တန်ဖိုးသည် ငါးဒေါ်လာခန့်ဖြစ်သွားလိမ့်မည်၊ Trader တစ်ယောက်အတွက် ငါးဒေါ်လာဆိုသည်မှာလေ့တတ်ချက်နှိပ်ရုံသာဖြစ်သည်၊ အဖြူအမဲပုံများကိုကြည့်ပြီးစိတ်ရှုပ်နေရတာထက် ငွေနှစ်ထောင်ကျပ်ခန့်ပိုပေးပြီး တစ်ထိုင်တည်းဖြင့် ကောင်းကောင်းနားလည်သွားတာကပိုအကျိုးရှိမည်ဟုယူဆပါသည်။

နောက်ဆုံးပြောလိုသည်မှာ Trading စနစ်တစ်ခုအောင်မြင်မှုရ၊ မရဆိုသည်မှာ အသုံးပြုသူအပေါ်မှာအများကြီးမူတည်ပါသည်၊ ဤစနစ်သည်မိမိ၏ ကိုယ်ရည်ကိုယ်သွေးနှင့်လိုက်ဖက်မှုရှိမရှိကို Demo ဖြင့်စမ်းသပ်ပြီးမှ Real account တွင်အသုံးပြုသင့်ကြောင်းအကြံပေးလိုပါသည်။

ကျော်ငွေး